**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**သီးနှံကာကွယ်ရေးဌာနခွဲ**

စာအမှတ်၊ PPD-၁၁-၀၇/၂၀၂၅ ( ၃၁၈ )

ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက်

အကြောင်းအရာ။ **စပါးသီးနှံစိုက်ပျိုးမှုတွင်အရေးကြီးသော စပါးဖြုတ်ညိုပိုး၊ ဖြုတ်ကျောဖြူပိုး များကြိုတင်ကာကွယ်နိုင်ရန်သတိပေးချက်(Early Warning) ထုတ်ပြန်ခြင်း။**

၁။ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် စပါးသီးနှံစိုက်ခင်းများ၌ စုပ်စားပိုးများဖြစ်သော ဖြုတ်ညိုပိုး၊ ဖြုတ်ကျောဖြူပိုးများ အချိန်မရွေး ကျရောက်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း စိုက်ပျိုးထားရှိသော စပါးသီးနှံ စိုက်ခင်းများတွင် စပါးဖြုတ်ညိုပိုး၊ ဖြုတ်ကျောဖြူပိုးများ ကျရောက်နိုင်ပါသဖြင့် ပျက်စီး ဆုံးရှုံးမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်နှိမ်နင်းနိုင်သော နည်းလမ်းများအား အချိန်မီ ဆောင်ရွက်နိုင်ရန် ကြိုတင်သတိပေးချက် (Early Warning) ပေးပို့ခြင်းနှင့် ထူးခြားဖြစ်စဉ် ဖြစ်ပေါ်မှုများ ရှိပါက သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)သို့ ချက်ချင်း သတင်းပို့ရန် အကြောင်းကြားပါသည်။

3.6.25

(ဇော်လင်း)
ညွှန်ကြားရေးမှူး

**တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး(.....................)**
**စိုက်ပျိုးရေးဦးစီးဌာန။**

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန
ဒု-ညွှန်ကြားရေးမှူးချုပ်(နည်းပညာ )၊ (တိုင်းဒေသကြီး/ ပြည်နယ်)၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးလက်ခံ


# ဖြုတ်ညိုပိုး၊ဖြုတ်ကျောဖြူပိုး

## ကျရောက်သည့်အချိန်

ပျိုးခင်းမှ အနှံတည်စအချိန်အထိကျရောက်နိုင်ပါသည်။ ရာသီဥတုနှင့် ဆက်စပ်မှုအများဆုံးရှိသော ဖျက်ပိုးဖြစ်ပါသည်။

## ဖျက်ဆီးပုံလက္ခဏာ

ဖြုတ်ညိုနှင့်ဖြုတ်ကျောဖြူပိုးများကျရောက်ပါက စပါးပင်၏ပင်ရည်အား စုပ်ယူသဖြင့် စပါးရွက် များ ခြောက်သွေ့ ကာ မီးလောင်ထားသကဲ့သို့ တွေ့မြင်ရပြီး နောက်ဆုံးတွင် အပင်များ အားလုံး သေသွားသည်ကို တွေ့ရပါသည်။









## ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ

(၁) မီးထောင် ချောက် (Light Trap) များအသုံးပြု၍ ဖြုတ်ညို/ဖြုတ်ကျောဖြူများပိုးကျရောက်မှု အားကြိုတင်ကင်းထောက်မှတ်တမ်းကောက်ယူပါ။

(ဖြုတ်ပိုးများကျရောက်မှုများလာပါက စိုက်ခင်းဘေးပတ်လည်တွင် မီးထောင်ချောက်များ တစ်ကွင်း တစ်စပ်တည်းထွန်းပါ)

(၂) ပတ်ဝန်းကျင်တွင် ပေါင်းမြက်များမရှိစေရ။ အထူးသဖြင့် ဖြုတ်ညိုပိုးများ၏ လက်ခံပင်ဖြစ်သော ဝမ်းဘဲစာမြက်နှင့် မြက်မုံညင်းများအားဖယ်ရှားပါ။

(၃) ယခင်နှစ်ကဖြုတ်ညို/ဖြုတ်ကျောဖြူပိုးကျခဲ့သောစိုက်ခင်းကိုမီးရှို့၍ ထယ်ရေး နက်နက် ထိုးပါ။

(၄) လယ်ကွင်းသို့ ရေဆက်တိုက်သွင်းပေးခြင်းမှာ ဖြုတ်ညို/ဖြုတ်ကျောဖြူ ပိုးကျရောက်မှုများစေသဖြင့် ရေထုတ် ရေသွင်းပုံမှန်ပြုလုပ်ပေးပါ။

(၅) လေလမ်းကြောင်းခွဲပါ။

(၆) ဓာတ်မြေသြဇာ (ယူရီးယား) အားသင့်တော်သောနှုန်းထားဖြင့်ထည့်သွင်းပေးပါ။

(၇) ပိုတတ်ရှ်မြေသြဇာ အားတစ်ကေလျှင်(၁/၄)အိတ်မဖြစ်မနေ မှန်မှန်ထည့်ပေးပါ။

(၈) စပါးပင်အုံတအုံတွင်ဖြုတ်ညို/ဖြုတ်ကျောဖြူပိုးအကောင်ဦးရေ (၁၀-၁၅) ကောင်တွေ့ပါက စပါး ကွင်းအား ရေထုတ်၍ ပင်လုံးပြန့်ပိုးသတ်ဆေးတမျိုးမျိုးဖျန်းပေးပါ။

(၉) ပိုးသတ်ဆေးများသည် စပါးခင်းအတွင်းရှိ မိတ်ဆွေပိုးများဖြစ်သော (ပင့်ကူ၊ သားရဲကောင်များ၊ အကျိုးပြုနဂါးကောင်များ) အားသေစေနိုင်သဖြင့် ပိုးသတ် ဆေးဖျန်းရန်လိုအပ်ပါကမှန်ကန်သော ပိုးသတ်ဆေးအမျိုးအစားအား ရွေးချယ်၍ သင့်တော်သောနှုန်းထားဖြင့် အချိန်ကိုက်ဖြုတ်ညို/ဖြုတ်ကျောဖြူပိုးနေထိုင်ရာ အပင်ခြေရောက်အောင် ပက်ဖျန်း ပေးပါ။

(၁၀) မိတ်ဆွေပိုးများလာရောက်စေရန် စပါးစိုက်ခင်းများ၊ ကန်သင်းများတွင် အဝါရောင်နှင့် အဖြူရောင်ပန်းပွင့်သည့် အပင်များစိုက်ပျိုးပေးပါ။

(၁၁) ဖြုတ်ညိုပိုးဒဏ်ခံနိုင်ရည်ရှိသောစပါးမျိုးများဖြင့် အစားထိုးစိုက်ပျိုးပေးပါ။

## အသုံးပြုသင့်သောပိုးသတ်ဆေးများ

- ဖီနိုဗျူကတ် (**Fenobucarb)**
- ဒိုင်နိုတီဖျူရန် (**Dinotefuran)**
- ဒိုင်မီသိုရိတ် (**Dimethoate)**
- ကာဘိုဆာလဖန်**(Carbofulfan)**
- သိုင်ရာမီသိုဇမ် (**Thiamethoxam)**
- ဖစ်ပရိုနေး **(Fipronil)**
- နိုင်တန်ပိုင်ရန် + ပိုင်မီထရိုဇင်း (**Nitenpyram + Pymetrozine)**

**မှတ်ချက်။** **။ (**၁) ပိုးသတ်ဆေးယဉ်ပါးမှုများ မဖြစ်ပေါ်စေရန် မတူညီသော ဆေးအုပ်စု များ အား အလှည့်ကျသုံးစွဲရန် လိုအပ်ပါသည်။

(၂) ဆိုင်ပါမီသရင်**(Cypremethrin)**၊ ဒယ်လ်တာမီသရင် **(Deltamethrin)**၊ လန်မ်ဒါဆိုင်ဟေလိုသရင်**(Lambda- cyhalothrin)**၊ ဘိုင်ဖန်သရင် **(Bifenthrin)**၊ အီမာမက်တင်ဘန်ဇိုရိတ် **(Emamectin Benzoate)** ၊ ကလိုပိုင်ရီဖော့စ် (**Chlorpyrifos) (**တားမြစ် ပိုးသတ်ဆေး)များသည် **Resurgence** ဖြစ်စေခြင်း **(**ဖြုတ်ပိုးဦးရေ ပိုမိုပွားများစေခြင်း)ကြောင့်လုံးဝအသုံးမပြုပါ နှင့်။